သမ္မာသမ္ဗုဒ္ဓ၊ ဂုဏ်ကိုးဝနှင့်။ သုံးလောကသင်းကျွစ်
ဝဋ္ဋရာဇ်မှန်ကူ၊ သယမ္ဘူ့ထွန်းထသား။
ဖြတ်စွာဘုရား၏၊ ကေသာတော်ဓာတ်နှင့်၊
ရုပ်ပွားတော်အရှင်ဖြတ်တို့မှာ၊
မဇ္ဈိမဒေသက၊ ကြွလာဆိုက်ထပ်၊
ကိန်းဝပ်စံတည်၊
တိုင်းရာမည်တွင်၊ အစဉ်ဝေါဟာ၊
မွန်ဘာသာမှ၊ မြန်မာ့အခေါ်၊ ဘုရားမျှော်ဟု၊
ရှင်ပွါးတော်မျက်နှာ၊ ဒက္ခိဏာသို့၊
ဖူညွှန့်ခါမူသည့်အတွက်၊
ခေါ်ဝေါ်ချက်နှင့်အညီ၊

# ကျိုက္ခမီမြို့။

ရေချိုနှာခံ၊ ပင်လယ်ဝတွင်း၊ ရေယဉ်ပတ်ဝိုင်း၊
ရှုတိုင်းတင့်တယ်၊ အံ့ဘွယ်အပြီး၊
ဆန်းဦးတော်ကြီးပါသော၊

# ရေလယ်ဘုရားကြီးသမိုင်း။

မောင်လမြိုင်မြို့၊
ဧမာရနဂရာစာပုံနှိပ်တိုက်၊
သာယာဘာနုရပ်။ ကမ်းနားလမ်း။
444, 20-7-28, 1500.

# နိဒါန်း။

## ဤသမိုင်းစာအုပ်ကိုပုံနှိပ်ရခြင်းအကြောင်းမှာ၊

ကျိုက္ကမီမြို့၊ ရေလယ်ဘုရားကြီးသည်၊ မြန်မာပြည်၌ တန်ခိုးကြီးတော်မူသောဘုရားများအနက်၊တခုအပါအဝင် ဖြစ်တော်မူကြောင်း၊၎င်းဘုရားကြီးသည်၊မြန်မာနိုင်ငံတော် အောက်ပိုင်း၊တနင်္သာရီခရိုင်အပါအဝင်၊ကျိုက္ကမီမိစိရင်ရ အ တွင်း၊ကျိုက္ကမီမြို့အနီး၊ပင်လယ်ထဲတွင်၊တည်ရှိကြောင်းကို နိုင်ငံအဝှမ်းလုံးမှာ၊အများကား ကြားသိရှိသောမက၊ ကိုယ် တိုင်သွားရောက်ဖူးမြော်ကြပါသည်၊ အချို့မှာ၊သတင်းမျှသာ ကြားဘူးကြပါသည်၊ အချို့မှာကား၊ မဖူး မမြော်ဘူးသည့် ပြင်၊သတင်းမျှလည်းမကြားဘူးသူတို့ရှိကြသည့်အကြောင်း၊ ၎င်းပြင် ဘုရားကြီးစတည်ရာ အထုပ္ပတ္တိမှစ၍၊ မည်ကဲ့သို့ တန်ခိုးတော်ကြီးကြောင်း၊ မည့်သည့်အကြောင်းကြောင့် ရေ လယ်တွင်တည်ရှိရကြောင်းများကို၊ သမ္မူရိသအပေါင်း သူ တော်ကောင်းတို့က၊ ဘိလို သော ဆန္ဒ ရှိကြလိမ့်မည်ဖြစ် ကြောင်း၊ ကောင်းစွာ နှလုံးသွင်းမိပေသည်၊ ထို့ပြင်ဘုရား ကြီးတွင်လွန်ခဲ့သော ၁၂၈၂-ခုနှစ်သီတင်းကျွတ်လကစပြီး၊ လျှပ်စစ်ဓါတ်မီး ထွန်းလင်း ပူဇော်လာရာ၊ ကြာမြင့်စွာတည် တံ့လျက်၊ အဆက်မပြတ်ပူဇော်နိုင်စေလိုကြောင်း၊ သဘော ကောင်းစေတနာရှိသည်ဖြစ်ပါသောကြောင့်၊ (ဤသမိုင်းစာ အုပ်များရောင်းချရသောငွေသည်၊ ဘုရားကြီးကို ပြုပြင်ရန် သက်သက်၊)သို့အတွက်၊ဤစာအုပ်ကိုဝယ်ယူသည်ဟုသဘော မထားဘဲ၊ ဘုရားကြီး ပြုပြင်ရန်အတွက် ရည်သန်လျက်၊ စိတ်နှလုံးထားပြင့်၊ဝယ်ယူဘတ်ရှုတော်မူကြပါကုန်၊

ဝန္ဒနံ ၁၉ ကော ၁၈။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟာတော၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်ခြင်း လေးဘော၊ ပူဇော်သက္ကာယ။ ဝိသေသအထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ၊ ပယ်အပ်ပြီးသောကိလေသါတို့သည် မဖြစ်ပြန်သဖြင့်၊ ကောင်းစွာမိမိ အလိုလို၊ သစ္စာလေးပါးမြတ်တရားကို၊ ပိုင်းခြားကုန်စင်၊ သိမြင်တော်မူပြီးသော၊ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိသေမြတ်နိုး၊ လက်ချုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျော့၊ ကံတော့ပါ၏။

အာဒိသပဒ္မနာ၊ ဖိနှစက္က သဗ္ဗဿော၊ ဇေယျဝှ၊ ဖိနှစက္က၊ သုံးလူ့ထွင်ထား၊ သဗ္ဗညုမြတ်စွာဘုရား၏ တံခိုးဓာဇော်၊ အာဏာတော်စက်ကြောင့်၊ သဗ္ဗသော၊ ဤကျိုကမ္မိ ဖြို့ရေလယ်ဘုရားကြီးသမိုင်းကို၊ ရေးသားပြုရခြင်းနှင့်ပတ်သက်သော၊ ခပ်သိမ်းဥသုံ၊ အလုံးစုံကိစ္စတို့သည်၊ ဇေယျဝှ၊ ချောမောဖြောင့်စင်၊ မငြိုငြင်ရဘဲ၊ အောင်မြင်ပြီးမြောက်ပါစေသတည်း။

## သမိုင်းကား။

၁။ သုံးလူ့ထွဋ်ထား။ သဗ္ဗညုရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မမူမှီ၊ ရှည်ကြာသောကာလကား၊ ရာမညကရန္နကတိုင်း၊ သုတိန္နနဂရဟု၊ ထင်လျှားစွာ ရှိလေသတည်း။ ထိုဘိုင်းပြည်တွင်၊ မြတ်စွာဘုရားပွင့်တော်မမူမှီ နှစ်ပေါင်း ၅၀ လောက်ကပင်၊ တိဿရာဇာ အမည်တော် ရှိသော ဘုရင်မင်းမြတ်သည်၊ ထီးနန်းတနက်ပျော်စိုးစံတော် မူရာ၊ သီရိကပ္ပါမဟာဒေဝီ။ မဟေသီနာမံ။ တောင်နန်းစံမိ ဖုရားကြီးမှ။ သားတော်နှစ်ပါးထွန်းကားတော်မူလေ၏။ သားတော်အကြီးမှာ၊ ဘွားမြင်တော်မူစကပင်၊ လက္ခဏာတတ် ပရောဟိတ်ပုဏ္ဏားတော်တို့က၊ ထိုမင်းသားသည် နူးညံ့ဆိမ့် မွေ့ခြင်း။ သိပ္ပပညာအရာရာတို့ကိုတတ်မြောက် ကျွမ်းကျင် ခြင်း။ သူတော် သူမြတ်တို့အလေ့အလာ။ သိက္ခာသီလနှင့် ပြည့်စုံခြင်းဖြစ်မည့်အကြောင်း။ကောင်းစွာပြောဟော နိမိတ် ဘတ်ကြသောကြောင့်၊ ခမည်းတော်ဘုရင်က၊ အလွန်ပင်ချစ် မြတ်နိုးတော်မူသဖြင့်၊ တိဿကုမာရဟု မိမိ၏ဘွဲ့နာမတော် လျက်ပေးအပ်သနားတော်မူ၏၊ သားတော်အငယ်မှာ။ ခြသ်. ၏စက်ထက္ခာမါလျက် ဘွားမြင်တော်မူသောကြောင့်၊ သီဟ ကုမာရဟု ဘွဲ့နာမတံဆိပ် ခတ်နှိပ်တော်မူလေသတည်း။

၂။ ထိုတိဿကုမာရ မင်းသားသက်တော် ၂၃-နှစ်၊ သီဟကုမာရမင်းသားသက်တော် ၂၁-နှစ်ရှိကြလပ်သောအခါ။ တနေ့သ၌၊ တိဿကုမာရ နောင်တော်ကြီးက။ သမ္ဘာသတိ

ဉာဏ်အကြီးဖြစ်တော်မူ၍၊ ညီးတော် သီဟကုမာရကိုခေါ် ပြီး လျှင်တိုင်ပင်တော်မူသည်မှာ နောင်တော်နှင့်ညီးတော်တို့သည် ဗုဒ္ဓဘာသာ ငါးပါးတွင်လူ ဘဝကိုရရန် အလွန်ခဲယဉ်းခြင်းဖြစ် ပါလျက်၊ ကုသိုလ်ကံအကြောင်းကောင်းမြက်သဖြင့်၊ ယခု လူ့ဘဝရကြပေပြီ၊ ထိုသို့ရကြသည့်အတိုင်း။ နောင်အနာ ဂါတ်အခါ၊ ဘဝများစွာတို့၌လည်း၊ ယခုထက်တိုး၍၊ ကောင်း ကျိုးမြင့်မြတ်ထက်ကဲလျက် မဂ်ဖိုလ်နိဗ္ဗာန်အဓိပြုပြီး၊ ရုက္ခ မူလ၊ ဖလာဟာရတည်းဟူသော၊ တောတောင်ပျော်မွေ့ ရသေ့ ရဟန်းပြုလုပ်ကြပြီးလျှင်၊ သိက္ခာသီလနှင့်၊ သမထဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းတို့ကို၊ ကြိုးပန်းစွာ အားထုတ် ပြီးဖြန်းရ သော်၊ လျော်ကန်သင့်မြတ်မည်၊ ထင်မြင်သဘောရတော်မူ သည်၊ အကယ်၍ တိုင်းပြည်နိုင်ငံနှင့်တကွ။ သီးမွေ့နှံးမွေ့ စံယူလေက။ သွင်းသွေးတိမ်းပါး မတရားကျွဲသော် ရှည်လျား သံသရာ၊ ဝန်လေးစွာသောအကြောင်းများကို၊ မိန့်ဆိုမြွက်ဟ ဘောဘ်ပြတိုင်ပင်တော်မူရာ၊ ထိုအခါညီတော်က၊ နောင်တော် ဘုရား မိန့်ကြားတော်မူသည့်အတိုင်း၊ လိုက်နာသဘောတူ သဖြင့်၊ ညီတော် နောင်တော်နှစ်ပါးတို့သည် ခမည်းတော် မယ်တော်ဘုရားတို့ထံ၊ ခွင့်ပန်လျှောက်ထားရာ အခွင့်ရသ ဖြင့်၊ သုဓမ္မနဂရပြည်မှ၊ အရှေ့တောင်အရပ်ဖြစ်သော၊ ဂန္ဓ ကိရိတောင်စခန်းသို့ မြန်းထွက်ဆိုက်ရောက်၍၊ ရသေ့ပြုလုပ် လျက်နေကြကုန်၏၊ ဤသို့နေထိုင်ရာ၊ သီလသိက္ခာပြည့်ဝစွာ နှင့်၊ သမထဝိပဿနာ၊ ဘာဝနာကမ္မဋ္ဌာန်းများကို၊ ကြိုးပန်း စွာပွါးများကြတော်မူသောကြောင့်၊ လရက်မရှည်မကြာမီပင် လောကီဈာန်သမာပါတ်ကိုရကြလေ၏။ ထိုဈာန်သမာပါတ်

ကိုရကြပြီးသောအခါ၊ နောင်တော်ကတဖန်အကြိမ်ဖြစ်တော်မူသည်မှာ၊ ငါတို့ညီနောင်နှစ်ဘော်အတူတကွနေခဲ့သော်သင့်လျော်မည်မဟုတ်၊ တော်သင့်တော်ရာ တခြားစီခွဲ၍သွားနေထိုင်မှ သင့်လျော်မည်ဟု၊ ညီတော်အား မိန့်ကြားလေသော်၊ ညီတော်ကလည်း၊ နောင်တော်မိန့်သမျှကို သဘောကျသဖြင့်၊ နောင်တော်မှာ ယခုအခါ၊ ဇင်းကျိုက်ဟုခေါ်ဝေါ်သမုတ်သော ဂန္ဓကိရိတောင်၌၊ ညီတော်မှာ ယခု ဖွဲ့ကပင်ခေါ်ကြသော ဗန္ဓဝကိရိတောင်တွင် ခွဲခွါလျက်သီးခြားစွာနေထိုင်ကြလေ၏၊ အကြောင်း တရပ်တရာ ရှိခဲ့သော်မီးကိုပြရန်၊ အမှတ်သညာထားကြကုန်၏၊

၃၊ ထိုဂန္ဓကိရိတောင်အနောက်ဘက်၊ တောင်ခြေကမ်းပါးနှင့်မနီးမဝေးပင်လယ်ထည်းတွင်၊ သောင်ပေါ်လည်ပိုင်းလျက်ကျွန်းတကျွန်းရှိလေ၏၊ ဤကျွန်း၌ကား၊ သစ်ပင်ပန်းပင်တို့သည် ရာသီအလိုက်၊ သိုက်မြိုက်ဘွယ်ရာ တင့်တယ်စွာသီးပွင့်ခြင်းနှင့်ပြည့်စုံသည်ဖြင့်၊ ချမ်းကြည်စွ အုရိပ်အာဝါသနှင့် အလွန်တင့်တယ်သာယာလေသောကြောင့်၊ ရေသတ္တဝါ အဟိတ်သားနဂါးမသည်၊ ထိုကျွန်းသို့ လာရောက်ပျော်မွေ့နေထိုင်လေ့ရှိရာ၊ တရံတခါ ဂန္ဓကိရိ တောင်ခြေကမ်းပါးသို့ လှည့်လည်ခါ သွားလာတတ်၏၊ လူ့သဏ္ဍာန်ဖြင့် ကြံအင်ရုပ တင့်တယ်လှစွာ ဖန်ဆင်းခါနေထိုင်လေ့ရှိ၏၊ ဤအခါဤကာလ၊ ဟိမဝန္တာမှပိစ္ဆာရိရ်လုင်သည်၊ ထိုဂန္ဓကိရိတောင်သို့အစဉ်မပြတ် လှည့်ပတ် သွားလာနေထိုင်လေ၏၊ ထိုသို့သွားလာ လှည့်ပတ်ရာတွင်၊ အခါတပါး နဂါးမနှင့် ပိစ္ဆာရိရ်တွေ့

ကာလ ပရိပရ ရှေးဘ၀က၊ ဤသလ ထူးပြုချဘူးသောရေ
စက်။ ပနက်ဘူးသော သင်္ဘောကြောင့်၊ မေတ္တာရှိဗိတ်၊ ရာဂစိတ်
စောသဖြင့်၊ ကိုယ်လက်ဒွိုးနှောသော ရာ၊ နဂါးမ၌ပဋိသန္ဓေတည်
နေစွဲကပ်လေ၏၊ နဂါးမတို့ထုံးစံမှာ၊ မနူသာလူ့ ဓာတ်နှင့် စွဲ
ကပ်သောပဋိသန္ဓေကိုလူ့ပြည်တွင်မချဘဲ၊ နဂါးပြည်သို့ပြန်
ရန်ထုံးစံမရှိဖြစ်၍၊ ပဋိသန္ဓေ ရင့်မာသည့်တိုင်အောင် စောင့်
လင့်ဆိုင်းငံ့ပြီးမှ၊ ဥကိုချမြိန်ကျသဖြင့်၊ ထိုကျွန်းမှာပင် ရင်
သွေးရင်နှစ်အရ၊ ဥနှစ်လုံးကိုချထားစွန့်ပစ်ခဲ့ပြီးလျှင်၊ နဂါး
ပြည်သို့ ပြန်လည်သွားလေ၏၊ ထိုနဂါးမ ပြန်သွားပြီးနောက်၊
မျှားကြာမှီပင်၊ တိဿရှင်ရသေ့သည်၊ ခြေညောင်းထက်
ဆန့်လှည့်ဖြန့်သွားလာခိုက်တွင်၊ ပင်လယ်ကမ်းပါး၌၊ ဥနှစ်
လုံးကိုမြင်လျှင်၊ အလွန်ပင်ထူးဆန်းသော ဥများဖြစ်သည်
ဟူ၍၊ ပယူဆောင်ပြန်လာခဲ့ရာ၊ မိမိကျောင်းသင်္ခမ်းသို့ရောက်
ကာလ၊ ညီတော်ကိုမီးရှူးပြ၍ ခေါ်သည်တွင်၊ ညီတော်လာ
ရောက်လျှင်၊ နောင်တော်ကညီတော်သို့၊ ဥတလုံးကိုပေးအပ်
သနားတော်မူလိုက်လေသော်၊ ဘိုးတော်အဥ္ဇနမင်းကြီးသည်
သက္ကရာဇ် ၈၆၄ ၅ ကိုကြိုပြီးနောက်၊ ၈၉-ခုမြောက်တွင်၊ ညီ
တော်၏ဥမှာ၊ လူ့ယောက်ျားငယ်ဘွားမြင်၏၊ ထို့အတူ နောင်
တော်၏ဥသည်၊ ညီတော်၏ ဥပေါက်ဘွားချိန်ထက်၊ တနာရီ
ခန့်အရင်တင်ကြို၍၊ ယောက်ျားငယ်ပင်ဘွားမြင်လေ၏၊ အမိ
မဲ့သားဘွားခဲ့ပါသော်၊ နောင်ညီနှစ်ဆောင် ကသိုလ်တော်အ
ဟုန်၊ ရသေ့မြတ်ညီနောင်တို့၏သီလတော်ဂုဏ်ကြောင့်၊ ထို
သေ့နှစ်ပါးတို့မိဘ္ဘာန်ပြုခြင်းအားဖြင့်၊ လက်ညှိုးမှထွက်သောနို့
ရည်များနှင့် တိုက်ကျွေး မွေးမြူ ပြီးနောက်၊ ထိုသူငယ်နှစ်

ယောက်၊ ဆယ်နှစ်အရွယ်ရောက်သောအခါ၊ ညီတော်ရသေ့မွေးမြူထားသော သူငယ်သည်။ ကျောက်ရောဂါစွဲကပ်သေဆုံးပြီးလျှင်၊ မိမိလာပြည်၌ အတုလသူဌေးသမီးသုမနဝမ်းတွင်၊ သန္ဓေစွဲကာ ပြီးသော်။ ဘိုးတော် အဋ္ဌန မင်းကြီးသည်။ သက္ကရာဇ် ၈၆၄၅-ကို မြှိုပြီးနောက်၊ ၁၀၀- ပြည့် မြောက်သောနှစ်တွင်ဘွားမြင်ပြန်၏။ ထိုသူငယ်ရှစ်နှစ်ရွယ်သို့ရောက်လျှင်။ မြတ်စွာဘုရားရှင်သည် {သက္ကရာဇ် ၁၀၃ ခုနှစ်တွင်ပွင့်တော်မူပြီး၊ ၅ ဝါမြောက်တွင်။} မိမိလာပြည်သို့ဒေသစာရီကြွချီတော်မူ၍၊ ပြည်သူပြည်သားအပေါင်းတို့အား တရားဓမ္မမြွက်မိန့်ဟောလျက်။ ဟောပြကယ်ချွတ်တော်မူရာ၊ ထိုသူငယ်သည်မြတ်စွာဘုရား ထံဆည်းကပ်ခစား၍၊ တရားရင်နို့သောက်စို့ရသဖြင့်၊ ပါရမီသမ္ဘာရင့်သောကြောင့်၊ မကြာမီပင်ဂဝံပတိသာမဏေဖြစ်လေ၏။ ထိုနောက်ဂဝံပတိရဟန္တာဟုထင်ရှားစွာဖြစ်ပြန်လေသတည်း။

။၄ သက္ကရာဇ် ၁၁၀ ပြည့်နှစ်တွင်၊ သုတိန္ဒနဂရပြည်ကြီးရှင်၊ ဘုရင်တိဿမင်းသည်၊ နတ်ရွာစံတော်မူသဖြင့်၊ မှူးမတ်သေနာပတိတို့က၊ ယခုရွှေနန်းသခင်ဘုရင်မင်းမြတ်နတ်ရွာစံလွန်တော်မူချေပြီ၊ ၎င်းထီးနန်းမွေ့နှစ်ကို၊ ညီနောင်ဖြစ်သောရသေ့များမှတပါး၊ အခြားဆက်ခံစိုးစံသူ မရှိဖြစ်လေသည်၊ ထိုရသေ့ ညီနောင် နှစ်ပါးထံ အမြန် သွားရောက်လျှောက်ထား မှသင့်မည်ဟု၊ တိုင်ပင်နှီးနှော သဘောတူညီကြ ပြီးသော်၊ နောင်တော် တိဿ ရှင်ရသေ့ရှိရာ၊ ဂဠုကိရိတောင်သို့သွားကြကုန်၏၊ ကျောင်းတော်သို့ရောက်ကြပြီးသ

ကာသ၊ မှူးမတ်များကလျှောက်ထားသည်မှာ၊ ယခုအခါတွင် အရှင်မြတ်တို့၏ ခမည်းတော် ဗြွနန်းသခင်ဘုရင်မင်းတရားကြီးသည် လူ့ပြည်ညောင်း၍ နတ်ရွာသို့ပြောင်းစံတော်မူပါပြီ၊ ကျန်ရစ်သည့် ထီးနန်းမွေနှစ်ကိုအရှင်သူမြတ်တို့မှတပါး၊ အခြားဆက်ခံမိုးစံထိုက်သူမရှိပါ။ သို့အတွက်တကြောင့်၊ တိုင်းနဂရာသို့ ပြန်းထွက်၍၊ ထီးနန်းကနက်အမွေကို ဆက်ခံမိုးစံတော်မူပါမည့်အကြောင်း၊၊ မတ်ပေါင်းက ခညောင်း၀ပ်လျှိုး၊ ရှိခိုးတင်လျှောက်တောင်းပန်အသနားခံကြကုန်၏၊ ထိုသို့လျှောက်ထားတောင်းပန်အသနားခံကြသည်အခါ၊ နောင်တော်ရသေ့ဘ၊ ငါတို့ညီနောင်နှစ်ပါးသည်၊ တရားနှင့် ပျော်မွေ့လို၍၊ အလေ့၀သီသောကီရိပ်ငြိမ်၊ စည်းစိမ်ချမ်းသာ ဉာဏ်တကျောကို၊ လွန်စွာစက်ဆုပ်ခြင်းကြောင့်၊ ထီးနန်းမွေနှစ်ကို မအုပ်ချုပ်မခံစံလိုဘဲ၊ ခွာရဲ့စွန့်ပစ်ခဲ့ပြီးဖြစ်လေသည်၊ ယခုမှ တဖန်ထီးမွေနန်းမွေကိုပြန်၍ခံစံရမည်ဆိုသော်၊ မခံမစံလိုပါ၊ သို့ရာတွင်ငါတို့၏ ကိုယ်စား၊ ကိတ္တိမသား ဥကာဘွားသော ယောက်ျားမြတ်ကို၊ ထီးနန်းအပ်ပေးလိုသည်၊ အမတ်မင်းတို့ကာသဘောတူကြမည်လောဟုမိန့်တော်မူလေ၏၊ ယင်းသို့မိန့်တော်မူသောအခါ၊ မှူးမတ်သေနာပတိတို့က၊ ခမည်းတော် ဗြွနန်းရှင် ဘုရင်မင်းမြတ်တွင်၊ ထီးနန်းတိုင်းပြည်၏ အမွေကိုခံစံမည့်သားတော်များမှာ၊ အရှင်မြတ်ညီနောင်နှစ်ပါးသာရှိပါသည်၊ သို့ပါသော် အရှင်မြတ်တို့သဘောတော်ရှိသမျှ ကိတ္တိမသားကို၊ ခန့်ထားပေးအပ်မည်ဖြစ်လျှင်လည်း၊ မပယ်မလှန်မငြင်းဆန်ဘဲ၊ သဘောတူညီပါကြောင်းကိုကောင်းစွာ လျှောက်ထားကြကုန်၏၊ ထိုသို့ လျှောက်ထားကြပြီးနောက်၊

နေ့ရက်မကြာမှီ၊ ဒေဝါသနင်း၊ ဿိကြားမင်းသည်၊ (ထပြည့်
လကွယ်နေ့တိုင်း၊) တိဿရှင်ရသေ့ထံ၊ တရားတော်နာ ထာ
ရောက်မြဲဖြစ်သည်နှင့်အညီ၊ ရှေ့တော်မှောက်သို့ ချဉ်းကပ်
ရောက်လာလေ၏၊ ထိုအခါတိဿရှင်ရသေ့က၊ ကျွန်ုပ်သည်
ကိတ္တိမသားသူငယ်အတွက်၊ ထီးနန်းကနက်ကို ဆက်ထက်
ပိုးစံစေရန်၊ စိမံနေရာချထားလိုသော ဆန္ဒကြောင့်၊ အလွန်
စိတ်ထက် မကြည်သာရှိကြောင်း၊ ၎င်းပြင်ခမည်းတော်မင်း
ဘုရားသည်၊ ပယိုလွင်းခန္ဓာ နတ်ရွာစံလွန်တော်မူရာ၊ ကျွန်ုပ်
တို့သာ ဆက်ထက်ပိုးပိုင်ရန် အမွေဆိုင်ဖြစ်သော၊ ဤထီးနန်း၊
ခရိုင် နိုင်ငံတိုင်းပြည်ကို၊ ကိတ္တိမသားသူငယ်အား ပေးအပ်
လိုကြောင်း၊ သို့ပေးအပ်မည့် စီမံချက်အရ၊ မှူးမတ်များက
လည်း၊ အားတက် ရွှင်ပြ စိတ်နှလုံးထုမှုကြကြောင်းများကို၊
ဿိကြားမင်းအား ပြောကြားတိုင်ပင်တော်မူ၏၊ ဝတီ သနင်း
ဿိကြားမင်းက၊ တိဿရှင်ရသေ့စကား ကြားရသည်အ
လျောက်၊ ဝမ်းမြောက်တော်မူရကား၊ ရှင်ရသေ့ နှစ်ပါးနှင့်
စကားမြဲခိုင်၊ တိုင်ပင်တော်မူပြီးသကာလ၊ သက္ကရာဇ် ၁၁၀
ပြည့်နှစ်တွင်၊ သုတိန္နထီးနန်းဟောင်းကို၊ ထပ်လောင်းပြုပြင်
ဖန်ဆင်း၍၊ ရေနတ်မယ်လျှနဂါးမရင်နှစ်၊ တိဿရှင်ရသေ့၏
ကိတ္တိမသားတော်ဖြင်သော၊ အသက် ၂၁-နှစ်ရွယ်ရှိသူငယ်
ကိုဘုရင်ဥက္ကာဌ်၊ သမုန္နတ်အရော၊ တင်မြှောက်ခါပေးအပ်တော်
မူကြန်၏၊ ဘွဲ့တော်မှာ ရသေ့ညီနောင်နှစ်ပါး၏ ဘွဲ့တော်နှစ်ခု
ကိုတရတည်းပေါင်းစပ်၍၊ တိဿဓမ္မဝိပာရာဇာဟု၊ ဘွဲ့နာ
မတံဆိပ်ခတ်နှိပ်တော်မူလေ၏၊ တိုင်းပြည်၏အမည်မှာ၊ ၎င်း
ပြည်အလယ်ချက်၌၊ ရွှေထွက်သောချောင်းရှိသဖြင့်၊ သုဝဏ္ဏ

ဘုရ္ဓိဟုအမည်နာမတံဆိပ်ခတ်နှိပ်ထေသတည်း။

၅။ အပိုဒ်(၃)တွင်ဖြဆိုခဲ့ပြီးသောဂဝံပတိရဟန္တာသည်အတိတ်ဘဝဟောင်းက၊နောင်တော်ဖြစ်ခဲ့ဘူးသူမှာ၊ မင်းအဖြစ်သို့ရောက်ကြောင်း သိတော်မူလေလျှင်၊တွေ့မြင်လိုသောဆန္ဒရှိ၍၊ မြတ်ဘုရားထံခွင့်ပန်လျှောက်ထားပြီး၊ တပါးတည်းပင် သက္ကရာဇ် ၁၁၀-ပြည့်အတွင်း၊ ကောင်းကင်ခရီးဖြင့်ချာန်ယဉ်စီးကြွလျက်၊ နန်းတော်သို့ရောက်ကာလ၊ တင့်အပ်လျော်ကပ်သောနေရာ၌ထိုင်တော်မူလေ၏၊ထိုအခါတိဿမဓမ္မသီဟာရာဇာမင်းက၊ သင်သည် အဘယ်အမျိုးအနွယ်အဘယ်သူဖြစ်သနည်းဟုမေးမြန်းတော်မူရာ၊ ငါကားအခြားမဟုတ်၊အတိတ်ဘဝဟောင်းက၊အကြောင်းဆုံစီး၍ တကာတော်မင်းကြီးနှင့်၊ ညီအစ်ကိုတော်ခဲ့ဘူးကြောင်း။ ငါကားညီ တကာတော်ကားအစ်ကိုဖြစ်ကြောင်း၊အပေါင်းဥသုံ လုံးစုံဖြစ်ပျက်သမျှကို၊ မြွက်ဟ မိန့်တော်မူပြီးခါ၊ ယခုပစ္စုပ္ပန်ဘဝမှာ၊ သမ္မာသမ္ဗုဒ္ဓ သုံးလောက ထွန်းထား၊ ဘုရားကိုယ်တော်မြတ်နှင့် တွေ့လေသဖြင့်၊ တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးသည့်အလျောက်၊ သောက်မျိုရပါသောကြောင့်၊ ဂဝံပတိသာမဏေ၊ထို့နောက်ဂဝံပတိရဟန္တာဖြစ်ကြောင်းများကို၊ ပြန်ကြား မိန့်တော်မူလေ၏၊ တိဿမဓမ္မသီဟာရာဇာမင်းက၊ တဖန် ဤသို့လျှင် အရှင်မြတ်သည်၊ လူတို့၏ အထွဋ်အထိပ်ဖြစ်ပေတော့သည်ဟုလျှောက်ထားလေရာ၊ ဂဝံပတိရဟန္တာကတဖန်ငါသည်လူတို့၏ အထွဋ်အထိပ်မဟုတ်ပေ လူ့ပြည် နတ်ရပ်၊ မနှိုင်းအပ် မနှိုင်းရာ၊ ဘဂဝါရှင်စော၊ သုံး

လောကမွေရာဇ သင်းကျစ်သယမ္ဘူ ဖြစ်တော်မူသော ဘုရား၊
ကိုယ်တော်မြတ်သည်၊ လူတို့၏အထွဋ်အထိပ်၊တံဆိပ်နှာမံ
အရဟံအစ၊ ဘဂဝါအဆုံးရှိသော။ကိုးပါးသောဂုဏ်တော်
တို့နှင့်ပြည့်စုံတော်မူကြောင်း။ရာဇဂြိုဟ်ပြည်၌ဝေနေယျကြွ၊
သတ္တဝါအများတို့အား၊ တရားရေအေးတိုက်ကျွေးလျက် ရှိ
နေကြောင်းကို၊လုံးပေါင်းအစုံကုန်စင်အောင် မြွက်ဟ ပြော
ပြတော်မူလေလျှင်။ တိဿဓမ္မ သီဟ ရာဇာမင်းနှင့်တကွ၊
မှူးမတ်ဆင်းရဲသားပြည်သူများအပေါင်း၊တို့မှာဂွမ်းဆီထိပမာ
ပီတိသောမနဿအဖြာဖြာနှင့်၊ သဗ္ဗါဟုံကြွ၍၊ သရဏဂုဏ်
ပဥ္စသီကိုခံယူကြပြီးလျှင်၊ဂဝံပတိရဟန္တာသခင်၊ ထေရ်အ
ရှင်အား၊ အသနားတော်ခံ လျှောက်ထားတောင်းပန်ကြလေ
သည်မှာ၊ အရှင်မြတ် ဘုရား။တိလောကမွေရာဇ သင်း၊ကျစ်
သယမ္ဘူ ဖြစ် တော် မူသော။ သုံးလောကသခင် ဘုရားရှင်
ကိုယ်တော်မြတ်ကိုတပည့်တော်တို့ဖူးမြော်လိုပါသည် ပင့်
လျှော်ပေးတော်မူပါဘုရားဟု။ဝပ်တွားတောင်းပန်အသနား
ခံကြကုန်၏၊ ထိုသို့လျှော်ထားတောင်းပန်သည်ကို ကောင်း
ပြီဟုဝန်ခံတော်မူ၍၊ ရာဇဂြိုဟ်ပြည်သို့ ကြွသွားပြီးသော်၊ ဘု
ရားရှင်ထံသို့ ဝင်ရောက်ချဉ်းကပ်မိလေလျှင်။ဂဝံပတိရဟန္တာ
သည်၊ တိဿဓမ္မ သီဟာရာဇာမင်းနှင့်တကွ မှူးမတ်ပြည်သူ
ဆင်းရဲသားဟူသမျှတို့၏ လျှောက်ထားတောင်းပန်အသနား
ခံချက်အရ။ သုဝဏ္ဏဘုမ္မိပြည်သို့၊ ဒေသစာရီ မြန်းချီကြွရော်
တော်မူပါမည့်အကြောင်း၊ ခညောင်းဝင်လျှိုးရှိခိုး လျှောက်
ထားလေလျှင်၊သုံးလောကသခင်ဘုရားရှင်က၊ သမန္တစက္ခု
သဗ္ဗညုတဉာဏ်တော်ဖြင့်၊ဆင်ခြင်တော်မူပြန်ရာ။သုဝဏ္ဏ

ဘုမ္မိပြည့်နှင့် ယောနကတိုင်း၊သာဂလပြည်သွားမှာ၊ဘုရားသါ
သနာတော် ထွန်းပေါ်ပွင့်လင်းမည်အကြောင်းကိုမြင်တော်မူ
သောကြောင့် ဒေသစာရီကြွချီတော်မည့်အကြောင်း မိန့်ကြား
ညွှန်ပြခွန်းဟာဗျာဒိတ်ခတ်နှိပ်တော်မူလေ၏။ ထိုနောက်မြတ်စွာ
ဘုရားသည်၊ (ရာဇဂြိုဟ်ပြည်တွင် သိတင်းသုံးတော်မူရာ၊
ရှစ်ဝါအလွန်)သက္ကရာဇ် ၁၁၁-ခုနှစ်၊ပေါမန္တ ဥတု တံဆောင်
မုန်းလအတွင်း၊ရဟန္တာပေါင်း ၅၀၀-နှင့်တကွ ဒေသစာရီ
ကြွချီတော်မူလေရာ၊ ယောနကတိုင်း။ သာဂလပြည်၊ ကြွင်း
မိုင်းမြို့သို့ဆိုက်ရောက်တော်မူလေ၏၊

၄။ ကြွင်းမိုင်းမင်းမှာ၊ တောင်နန်းစံမိဖုရားကြီးမှ ဘွား
မြင်တော်မူသော သားတော်တကျိပ်၊ မြောက်နန်းစံ မိဖုရားမှ
ဘွားမြင်တော်မူသောသားတော်တကျိပ်၊ပေါင်း သားတော်
နှစ်ကျိပ်၊ရှိတော်မူ၏၊ ထိုမင်းတို့ကိုးကွယ်ဆည်းကပ်ကပ္ပိန္န
မည်တွင် ရှင်ရဟော့တပါးလည်းရှိ၏၊ ထိုမင်းသား ညီနောင်
နှစ်ကျိပ်တွင်၊ အကြီးဆုံးသောမင်းသားသည်မြတ်စွာဘုရား
ကြွင်းမိုင်းမြို့သို့ ဆိုက်ရောက်လျှင်၊ ရှေ့ဦးစွာပင် ဘုရားရှင်
ကိုယ်တော်မြတ်ကိုဖူးမြင်တွေ့ကြုံလေ၏။ သို့ကြုံကာလ၊ သုံး
လောကသခင်နိဗ္ဗာန်ရှင်သို့၊ ကယ်တင်နိုင်သောရှင်တော် ဘု
ရားဖြစ်ကြောင်းကို၊စုံစမ်းမေးမြန်းသိရှိရသော်ရှိခိုးပူဇော်ပြီး
လျှင်၊နောင်အစဉ်မပြတ်ရည်မှတ်ကိုးကွယ်ရန်၊ကိုယ်တော်
စားအဖြစ်၊တပုံတရာ ပေးသနားတော်မူပါမည့် အကြောင်း၊
တောင်းပန် လျှောက်ထားသည်တွင်၊ ဘုရားရှင် ကိုယ်တော်
မြတ်က၊ တွေးဆတပန် ဗုဒ္ဓဉာဏ်တော် စက္ခုဖြင့်၊ မျှော်ရှု

ထောက်စာပြီးသော်၊ဆံတော်တဆူပေးသနားတော်မူလေ၏၊ ငှင်းပြင် ကျန်သောမင်းသားတကျိပ်ကိုးပါးနှင့်တကွ၊ ကပ္ပိနှ ရှင်ရသေ့ဘို့ကလည်း၊ဘုရားရှင်ထံဆည်းကပ်ခိုဝင်ပြီးသော် နောင်တော်ကြီးနည်းတူ၊ဆံတော်တဆူကျစ်ရလိုပါကြောင်း ဖြင့်။ ခညောင်းဝပ်တွား လျှောက်ထား အသနားခံကြပြန်သော် လျှင်၊ရှင်ပင်စောထွင့် သမရနတ်က၊ရသေ့ကြီးနှင့်တကွ မင်း သားတို့အား၊ ဖွဲ့ကြိုပ်တခုစီလုပ်၍ ယူခဲ့ရမည်ဟု၊မိန့်မြွက် ဟတော်မူသည့်အတိုင်း။ မဆိုင်းမဆုတ် ဖွဲ့ကြိုပ်တခုစီ ပြု လုပ်၍၊ ရသေ့ကြီးနှင့်တကွ မင်းသား တကျိပ်ကိုးယောက် တို့သည် ရှေ့တော်မှောက်သို့ရောက်ကြပြန်ရာ။ဘဂဝါအတု လသမ္မာသမ္ဗုဒ္ဓ သုံးလောကထွဋ်ထားရှင်တော်ဘုရားက၊ ဆံ တော်တဆူစီပေးသနားတော်မူလေသတည်း၊

၇။ ထို့နောက် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ကြင်း မိုင်းမြို့မှ၊(ယခုအခါကျိုက္ကဆမီမြို့နှင့်၊ခရီး ၃-မိုင်ခန့်ကွာတောင် ဘက်အရပ်တွင်ရှိ)တောင်ပိုင်းခေါ်တောင်ပေါ်သို့ကြွရောက် နေ့သန့်တော်မူပြီးမှ။တဖန်ဆက်လက်၍ မြောက်ဘက်သို့ကြွ ရောက်တော်မူပြန်ရာ၊နောင်အခါတွင်ဆံတော်ကိုဌာပနာပြီး လျှင်၊စေတီတည်လတ္တံ့သောအကြောင်းခြင်းရာကိုမြင်တော် မူ၍။ အောက်အဘို့၌ ကောင်းမြတ် ဆန်းကြယ်တင့်တယ်စွာ ဂူရှိသော၊ (ယခုရေလယ်ဘုရားတည်ထားသည့်) ကျောက် ဆောင်ပေါ်၌တဖန်၊နေ့သန့်ပြန်ပြီးသော်၊သုဝဏ္ဏဘုမ္မိ(သထုံ) မြို့သို့ကြွတော်မူလေသတည်း။

၈။ အပိုဒ် ၆-တွင်ပြဆိုပြီး ဖြစ်သည့်၊ဖွဲ့ဆံတော်တဆူ

ပိုရထားသောရသေ့ကြီးနှင့်တကွ၊မင်းသားနှစ်ကျိပ်တို့သည် မိမိတို့ ကိုယ်စီ ကိုယ်ငှ ရကြသောဆံတော်မြတ်တို့ကို၊ မြပ်ဆိပ်ကမ်းနားထူးခြားသောနေရာအရပ်မှာဌာပနာ၍ စေတီတည်လျက် ကိုးကွယ်ကြမည်ဟု၊ ရည်ရွယ်စိတ်တမ်း ရွှင်လန်းဝမ်းသာ စေတနာရှိသည့်အတိုင်း၊ ကျေးကျွန်သင်းပင်း မင်းချင်းဗိုလ်ပါတို့နှင့်တကွ၊ စေတီတည်အံ့သောနေရာ ရှာဖွေကြသောအခါ၊ ယခုရေလယ်ကျောက်ဆောင်အတွင်း၌၊ သန့်ရှင်းစင်ကြယ် ထူးဆန်း တင့်တယ်သော ဂူကိုတွေ့မြင်ကြရလေ၏၊ထိုအခါကပ္ပိန္နရသေ့ကြီးနှင့်တကွ။ မင်းသားနှစ်ကျိပ်တို့သည် အထူးထူးသောပွဲလမ်းသဘင်ဆင်ယင်ကျင်းပလျက်။ အထူးထူးသော အမွှေးအကြိုင်ပန်းနံ့သာတို့ဖြင့်။ တလပတ်လုံး၊ ပူဇော် လှူဒါန်းကြပြီးမှ၊ ရသေ့ကြီး နှင့် မင်းသားတို့သည်၊ မိမိတို့ အသီးသီး ရရှိ ကိုးကွယ် ကြသော ဆံတော်ဆယ့်ဘဆူကိုဌာပနာရန်၊ ထင်မံ၍ ရွှေကြုပ်ဆယ့်တလုံးနှင့် အောက်ခံ ကလပ် ဆယ့်တချပ် တို့ကို ပြုလုပ်ကြကုန်၏၊ ကလပ်ပမာဏမှာ၊အမြင့် ၁၆-လက်သစ်။အကျယ် ၁၆-လက်သစ်၊ ရွှေကြုပ်ပမာဏမှာ၊ အမြင့် လက်သစ် ၂၀၊ အကျယ် ၁၄-လက်သစ်၊ကလပ်တခုလျှင်ရွှေချိန် ၉-ပိဿာ ကြုပ်တခုလျှင်ရွှေချိန် ၉-ပိဿာ-ရွှေကလပ်တခုနှင့် ရွှေကြုပ်တခုတွင် စီချယ်သောရတနာများမှာ (၁၀) ရတီရှိသော စိန် လုံးရေ (၃၈၅) သုံးရာ ရှစ်ဆယ် ငါးလုံး၊ တန်ဘိုးငွေ (၅၇၇ ၅၀၀) ငါးသိန်း ခုနစ်သောင်း ခုနစ်ထောင် ငါးရာ၊ရှစ်ရတီခွဲရှိသော ပတ္တမြားလုံးရေ (၂၇၈)လုံး။ နှစ်ရာ ခုနစ်ဆယ် ရှစ်လုံး၊ တန်ဘိုးငွေ(၂၇၈၀၀၀၀၀)နှစ်ကုဋေ ခုနစ်သန်းရှစ်သိန်း၊ (၁၃)

ဆယ့်သုံးရတီရှိသော မြလုံးရေ (၁၅၉) တရာငါးဆယ်ကိုးလုံး၊ တန်ဘိုးငွေ (၂၈၅၂၀၀၀ဝိ) နှစ်ကုဋေရှစ်သန်းငါးသိန်းနှစ်သောင်း၊ (၁၅) ဆယ့်ငါး ရတီရှိသော ကျောက်မျက် ခွဲလုံးရေ (၂၅၀) နှစ်ရာငါးဆယ်၊ တန်ဘိုးငွေ (၃၅၀၀၀၀၀ဝိ) သုံးသန်းငါးသိန်း၊ ကိုးရတီခွဲရှိသော ပတ္တမြားပြောက်လုံးရေ (၁၇၉) တရာ ခုနစ်ဆယ် ကိုးလုံး၊ တန် ဘိုး ငွေ (၇၁၆၀၀၀၀ဝိ) ခုနစ်ကုဋေတသန်းခြောက်သိန်း၊ ကြုပ်လေးမျက်နှာတွင် စီချယ်ထားသောဂုံညင်းပမာ (၇၉) ခုနစ်ဆယ်ကိုးရတီရှိသည့်၊ အဘိုးမဖြတ်နိုင်သောပတ္တမြားကြီးလေးလုံး၊ ပေါင်းရတနာအမျိုးမျိုး (၈၈၅) ရှစ်ရာရှစ်ဆယ်ငါးလုံး၊ တန်ဘိုးငွေ (၁၃၀၉၉၀၅၀ဝိ) တဆယ့်သုံးကုဋေကိုးသိန်းကိုးသောင်းငါးရာဖြစ်သည် ရွှေကာလပ်ဆယ့်တချပ်နှင့်၊ ရွှေကြုပ်ဆယ့်တလုံးများ၊ ရတနာအမျိုးမျိုး (၉၇၃၅) ကိုးထောင် ခုနစ်ရာသုံးဆယ်ငါးလုံး၊ တန်ဘိုးငွေ (၁၄၄၀၉၇၂၅၀ဝိ) တရာ့လေးဆယ်လေးကုဋေကိုးသိန်းခုနစ်သောင်းနှစ်ထောင်ငါးရာနှင့်၊ အဘိုးမဖြတ်နိုင်သော (၇၉) ရတီကျော်ရှိသည့်ပတ္တမြားကြီး (၄၄) လုံးဖြစ်လေသည်။ ထိုသို့ များပြားလှစွာသော ရတနာ အမျိုးမျိုးနှင့်တကွ၊ အဘိုးတသိန်း ထိုက်တန်သော၊ ကေတုမ္ဘရာဇ်ဘိုင်းဖြစ်အဝတ်ပုဆိုးများပေါ်တွင်၊ အဘိုးတသိန်းထိုက်သော၊ စန္ဒကူးမှုံတို့ကို ဖြန့်ခါခင်းလျက်၊ ပဥ္စမရွှေကြုပ်ငယ်များကိုနောက်ထပ်ပြုလုပ်သောရွှေကြုပ်ကြီးများအတွင်းသို့ထည့်သွင်းပြီးလျှင်၊ ဂူထည်း၌ဌာပနာကြခြင်း၊ ၎င်းမှတပါးလေးထက်မခန့် ရှိသော စိန်နှင့် ပတ္တမြားကို၊ မြတ်စွာဘုရားသင်္ကာန်တော်နှင့်ဆူထုလုံ၍ဌာပနာကြခြင်း၊ ထို့ပြင်ရသေး

ကြီးနှင့်ထကွမင်းသားနှစ်ကျိပ်တို့သည် **စိန်ပန်းပတ္တမြားပန်း** ရွှေပန်း ငွေပန်းများနှင့်တကွ။ ပူဇော်ကာတော့ပဟံ ပုံသဏ္ဌာန်များကိုထည်းရွှေစင်ဖြင့်သွန်းလုပ်၍ဌာပနာကြခြင်း၏ကဲ့သို့ ဌာပနာကြပြီးသော်၊တော်သင့်ရာလူအချို့တို့ကိုရွေးချယ်၍၊ အစောင့်အရှောက် ထားပြီးနောက်။ ဆယ်ဆူသော ဆံတော်များ ဌာပနာရန်၊ စေတီတော် တည်ရာ အရပ်ကို ရှာဖွေကြသော်။ယခုဇော်လမြိုင်မြို့အထက်မြစ်မကြီးနှစ်ဂွခွဲ အကွာတွင်၊အရှေ့ဘက်ကမ်း၌သိုက်မြိုက်တင့်တယ်၊ ရှုမညီးဘွယ်သော တောင်တတောင်ကို တွေ့မြင် သဘောကျလျက်၊ နေ့ရက်မကြာမီအတွင်း၊ ၎င်းတောင်ပေါ်တွင် ကောင်း ဗွာ ရှင်းလင်း၊ခင်းကျင်းလှူဒါန်းပွဲသမ်းသဘင်တို့ဖြင့်။ ယခင်ဆံတော်မြတ်များကိုပူဇော်သည်နှင့်မခြား။ ပူဇော်လှူဒါန်းကြ၍၊စေတီတည်ရာ ဌာပနာတိုက် ပြုလုပ်ပြီးစီးလျှင်၊ ၎င်းကျန်သောဆံတော်မြတ်ဆယ်ဆူကို ရှေးနည်းအတူဌာပနာကြလေကုန်၏၊ ထို့နောက်မှ မင်းတကျိပ်နှင့်တကွ ထက်ဝက်သောဗိုလ်ပါ၊ သင်းပင်းတို့သည် ပဉ္စမဆံတော် ၁၁ ဆူကိုဌာပနာသော ဂူ၏အပေါ်တွင်၊စေတီဘဉ်လုပ်ရန်ပြန်လာကြပြီးလျှင်၊ဘိနပ်တော် ၁၅-တောင်အမြင့် ၁၈ တောင်ရှိစေတီ ကိုတည်လုပ်ကြကုန်၏၊ဤသို့အားဖြင့်ဆံတော် ဆယ့်ဘဆူ ဌာပနာထားသောစေတီတော်ထို၊ဧကဒသမစေတီတော်၊ဆံတော်ဆယ်ဆူဌာပနာသောစေတီတော်ကို၊ ဒသမစေတီတော်ဟု ခေါ်ကြ လျက်၊ ဘွဲ့တော်တံဆိပ် ခတ်နှိပ်ကြကုန်၏၊ ၎င်းစေတီတော်နှစ်ဆူကို ဘိနပ်တော်မှ၍လုံးပတ်အကျယ်အဝန်း၊ အမြင့်ပမာဏတူစွာတည်ကြကုန်ရာ၊ သက္ကရာဇ် ၁၁၄-ခုနှစ်

အတွင်း၊ ပြီးမြောက် အောင်မြင်ခြင်းသို့ ရောက်လေသည်၊ ထို့နောက်၊ ကာလရွေ့လျောသဖြင့်၊ ဒသာမ စေတီတော်ကို၊ (အလယ်အက္ခရာ "သ" နှင့်၊နောက်ဆုံးအက္ခရာ "မ" ကို ပြောင်းပြန်ထား၍။ မှားယွင်းခေါ်ကြခြင်းအရ၊ ဒမသ စေတီတော်ဟူ၍ငင်း။ ထိုစေတီတော်အနီးရှိ ရွာကိုလည်း၊ ဒမသရွာဟူ၍ငင်း၊ခေါ်ဝေါ်ကြကြောင်း၊(ငင်းရွာသည်ရှေးအခါက ကျိုက်မရောမြို့နယ်အတွင်းပါဝင်သည်၊ လွန်ခဲ့သော၊ ၁၂၇၄ ခုနှစ်လောက်က၊ ကျိုက်မရော ကြာအင်းနှင့် ကော့ကရိတ်မြို့နယ်များကို ခွဲခြားသည့်အခါ၊ ကော့ကရိတ်မြို့နယ်အတွင်းသို့ဆည့်သွင်းပါဝင်ခြင်းဖြစ်ကြောင်း) ငင်းဒမသဘုရား၌နှစ်စဉ်သင်္ကြန်အခါတွင်၊ပွဲတော် ကျင်းပပြုလုပ်ကြမြဲဖြစ်လေ သတည်း။

၉၊ အထက်ကာဘောပြခဲ့သော ဆံတော်ဆယ့်တဆူကို ဌာပနာထားသည့် {ယခုရေလယ်ဘုရားကြီး} ဂူနှင့်၊ ခမီးတမိုင်ကွာ (တောရကျောင်း) ဆင်ပုန်းဂူ၊ ငင်းဂူမှ နှစ်မိုင်ကွာ၊ သက်နီး(ဖှုန်း)တောင် ငင်းတောင်မှထားဝယ်မြို့သို့အရောက် ဘိုးလှိုုးပေါက်ကြောင်း၊ ငင်းပြင်ရှေးအခါက၊ ဘုန်းကြီးကွန်ဒေါင်ဟုခေါ်သော(မွန်)တလိုင်း ဘုန်းတော်ကြီးတပါးသည်၊ ရေလယ်ဘုရားသို့ ရှိခိုးပူဇော် ဖူးမြော်ခဉ္စတ်။ ဝတ်ပြုအာရုံခံ အသွားအပြန်ပင် ပထပိကာသိတံ ကိုဆင်ခြင်ရန်အကြောင်းဖြင့် ငင်းဘုရားကြီးဂူမှ(တောရကျောင်း)ဆင်ပုန်းဂူ၊ငင်းဂူမှ သက်နီး (ဖှုန်း) တောင် သို့။ မြေ လှိုုး ၍ ကြွ သွား ကြောင်း၊ ငင်းတောင်၌နေ့သန့်၍သက်နီး(ဖှုန်း)သောကြောင့်၊ သက်နီး

(ဗွန်း) တောင်ဟုခေါ်ကြောင်း၊ ၎င်းဘုန်းကြီးသည်၊လောကီ ပညာ အခြာခြာ ကို၊ ကောင်းစွာ တတ် မြောက် သည့် အလျောက်၊ ပထမံပေါက်သဖြင့်၊ ဝိဇ္ဇာမြောက်၍ ရွှေငွေရတနာများရှိသည့် နေရာကို သေချာစွာ သိ ရှိ နိုင်သော အစွမ်းသတ္တိရှိကြောင်း၊ ၎င်းပြင် (တောရကျောင်း) ဆင်ပုန်းဂူတွင်၊ ရှေးအခါက ရွှေ ငွေ ရတနာမှစ၍၊ လူ တို့ အသုံး အဆောင်အမျိုးမျိုး ရှိကြောင်း၊ ၎င်းပစ္စည်းများကို မည် သည့် အခါပြန်ထားမည်ဟု၊ ဂတိသစ္စာနှင့် ခေတ္တ ငှါးယူပါလျှင်၊ လိုရာပစ္စည်းများကို ရနိုင်လေရာ၊ ဥပ္ပတ္တိအခါတွင် လူ သတ္တဝါအများ၊ ရှေးကဲ့သို့ ဂတိသစ္စာ တည်ကြည်ခြင်းမရှိပါ၍ ခေတ္တမျှဆိုလျက်၊ ယူသွားသော ပစ္စည်းများကို တဖန် ပြန်၍ မထားကြသောကြောင့်၊ ၎င်း (တောရကျောင်း) ဆင်ပုန်းဂူ သည်၊ ပိတ်သွားပြီဖြစ်ကြောင်း၊ ၎င်းဆင်ပုန်းဂူဟု ခေါ်တွင်ခြင်းအကြောင်းမှာ၊ ဘုရားအလောင်းတော်သည်၊ ကောင်းကင်ပြန်မြေလျှိုးဆဒ္ဒါန်ဆင်မျိုး၏သနင်း၊ဆဒ္ဒါန်ဆင်မင်း တဘဝဖြစ်ပြန်တော်မူစဉ်အခါက၊ (ဤဂူမှသုံးမိုင်ကွာ ယခုဆင်တောင်ဟူ၍လူအများခေါ်ဆိုကြသောတောင်တွင် )ဆဒ္ဒါန်ဆင်မျိုးပေါင်းများစွာနှင့်၊ ပျော်မွေ့ခါပိုးစံနေထိုင်လျက်ရှိလေ၏၊ ဒေဝဒတ်အလောင်း ဆင်မင်းသည်၊ ဆင် ပေါင်း များစွာနှင့်၊ (ယခု မီးပြတိုက်ပြုလုပ်ထားသည့်၊ ဆေးဘိုကျွန်းခေါ်သောကျွန်းတွင်) သီးခြားအုပ်ချုပ်မင်းလုပ်လျက်နေလေ၏၊ အခါတပါးဘုရားအလောင်းနှင့်၊ တိုင်းပြည်တောင်ချင်း၊ မသင့်မတင့်စစ်ခင်းကြလေရာ၊ ဒေဝဒတ် အလောင်းနှင့်၊ ဆင်ပေါင်းများစွာမှာ၊ ကောင်းကင်ပြန် မြေလျှိုးနိုင်သည့်စွမ်းရည်သတ္တိ

မရှိကြသောကြောင့်၊ အရှုံးပေးလျက်ပြေးဝင်ပုန်းအောင်းကြသောဂူဖြစ်၍၊ ဆင်ပုန်းဂူဟု ခေါ်ကြောင်း၊ ၎င်းဂူ မြောက်ဘက် အနီးတွင်လည်း၊ ဆဒ္ဒါန် ဆင်မျိုးမှ စွန့်ပစ်ခဲ့သော ကျင်ကြီးတုံးသည် ကျောက်ဖြစ်နေ၍၊ ၎င်းကျောက်တုံးပေါ်တွင် စေတီတော်တဆူတည်ထားရာ၊ ဘွဲ့တော်မှာကား၊ ဆင်ကျင်ကြီးတုံးဖြစ်သည့်ကျောက်ပေါ်တွင်တည်ထားသောကြောင့်၊ "ဆင်ကျင်ကြီးတုံးစေတီ" ဟု၊ ယခုတိုင် ခေါ်ကြ လေကြောင်း။ ၎င်းဆင်ပုန်းဂူတောင်ဘက်၊ တမိုင်ကျော်ကျော်ကွာသော ပင်လယ်ထည်းတွင်၊ အထိကရ ကျောက်ဆောင်ကြီး၊ တည်လျက်ရှိရာ၊ ထိုကျောက်ဆောင်မှာ၊ ရေကျမှ သာလျှင် ထင်လျှားစွာ မြင်နိုင်ကြောင်း။ ၎င်းကျောက်ဆောင်ကို ရဲဖော်ကျောက်ဆောင်ဟုခေါ်ကြပါသည်၊ ဤရဲဖော်ကျောက်ဆောင်ပေါ်တွင်ကြောင်းမှာ၊ အလောင်းစည်သူမင်းတရားကြီးသည် ဇမ္ဗူဒိပ်ကျွန်းများကို ပေါင်တော်နှင့်ဖော့ည့်လည်ရှုစားရာ၊ ထိုအခါကထိုကျောက်ဆောင်ပေါ်သို့၊ ပေါင်တော်ကပ်ဆိုက်ကပ်ရှုစားသော်၊ ရဲဖော် ခေါ်မိဖုရားငယ်သည်၊ ပေါင်တော်မှဆင်းသက် ကြည့်ရှုနေခိုက်၊ မိဖုရားကြီးက အကောက်ဥာဏ်ဖြင့်၊ ကြံစီပြီးလျှင်၊ ပေါင်တော်ထွက်ရန်အမိန့်ပေးရာ၊ ပေါင်တော်ထွက်ခွာရလေသည်။ ထိုသို့ထွက်ခွာသွားပြီးနောက် မှ၊ ရဲဖော်မိဖုရားသိရလေလျှင်၊ ရှေ့ နောက် တောင် မြောက် ဝဲ ယာ ရှုကြည့်ပါသော်လည်း။ ကယ်ဆယ်မည့် တသူမမြင်၊ ရေအယဉ်သည် တသွင်သွင်တိုးတက်လာရာ။ ထိုအခါရဲဖော်မိဖုရားက၊ ဒေါသစိတ်နှင့်မိဋ္ဌာန်ပြုသည်မှာ၊ ငါသည်မကြာမီပင်၊ ဤရေဘေးနှင့်၊ဘဝတပါးသို့ ပြောင်းသွားရတော့မည်၊ လားရာ

ဘဝဒွင်ဂါ၏အသံတကြား၊သဏ္ဍာဝါများကို စားရသောကိုယ်ဖြစ်ရပါလို၏ဟု မိဋ္ဌာန် ပြုပြီးနောက်၊ ရေနစ်မြုပ်သေဆုံးသဖြင့်၊အပိမ်းအဝါးဖြစ်နေရာ မိုးဦးအခါတွင်၊ ၎င်းကျောက်ခေါင်မှ အသံကြီးမားစွာကြားရသော်၊ ရဲဃ့အော်သည်ဟုပြောလေ့ရှိကြပါသည်၊ရေလမ်းသွားလာသူအချို့လူတို့လည်း၊လှေမှောက်လှေပျက်၊ ရေနစ်လျက် သေကြေဆုံးပါးခြင်းကိုရဲဃ့စားသည်ဟုရှေးလူကြီးများမှဆင်းသက်လျက်။ ယခုလူငယ်များတိုင် ဆက်လက်၍၊ စွဲလန်းချက်သဘောနှင့်၊ အချို့ပြောဆိုကြပါကြောင်း၊ သမိုင်းဟောင်းတဖြာ ပေါ ရာ လာစကားကို၊သေချာဥဿုံ အလုံးစုံဘော်ပြပါသတည်း။

၁၀။ မင်းသားညီနောင်တို့သည်၊ အထက်ကာအပိုဒ်(၇)တွင်ပြခဲ့ပြီးသော၊ မိမိတို့ တည်ထားသည့် ဒသမ စေတီတော်ကို၊ နေ့စဉ်မပြတ် အာရုံပြု၍ ပူဇော်ကန်တော့ကြရသောအောင်၊ ဘုရားအနီးအပါးတွင်၊ မြို့ရွာ တည်ထောင်ရန်သဘောတူညီကြသဖြင့်၊ ၎င်းစေတီတော်မြတ်၏တောင်ဘက်၊ခရီးတာပေါင်း ၇၅၀၀-ကွာသော၊ ကော့ဘိန်း အရပ်တွင်သက္ကရာဇ် ၁၁၇-ခုနှစ်မှာပင်၊ မြို့ရွာတည်ထောင်ပြီးလျှင်၊နောင်တော်အကြီးဆုံးသည်၊စိုးမံအုပ်ချုပ်မင်း လုပ်ပိုးစံလ၏၊ ထိုမြို့၏အမည်မှာ ရမ္မာပူရ-ရမ္မဝတီ ဟူ၍ နှစ်မည်တွင်ကြောင်း။၎င်းမြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်သက္ကရာဇ် ၁၅၇-ခုနှစ်အတွင်း (မွန်)တလိုင်းမင်း မိုန်းပွန်ဒုရပ်က၊ထိုမြို့ဒေသသည်၊ဥတုသပ္ပာယမညီမျှ ရောဂါဝေဒနာထူပြောသည်ဟူ၍၊မြို့သစ်ထည်ထောင်ရမည်ဟုအမိန့်တော်

အတည်ပြုပြီး၊ အလွန်တောမြိုင်ကြီးဖြင့်၊ ဥဒေါင်းပေါများ
သော၊ မြစ်လေးမြွာဆိုင်၊ ပြွန်ဇလိုင် အနားရှိ တောများကို၊
ချတ်ထွင်ရှင်းသင်းပြီးလျှင် မြို့ရွာတည်ထောင်လေ၏၊ ၎င်းမြို့
လည်း၊ ပဌမအမည်ဖြစ်သော၊ ရမ္မာပူရ-ရမ္မာဝတီဟူ၍၊ အမည်
နှစ်မည်လုံးပင် ခေါ်တွင်ပြန့်လေ၏၊ နောက်များမကြာမီ၊ ထို
မင်း မျက်စိကွယ်တော်မူသောကြောင့်၊ ၎င်းမြို့ကို တလိုင်း
ဘာသာဖြင့်၊ ထုံမွတ်လုံ ဟုခေါ် ကြပြန်လေ၏။ မြန်မာပြန်ဆို
သော်၊ မျက်စိ ကန်းမြို့ဖြစ်သည်၊ ထိုမြို့တည်ထောင်သည့်နေရာ
တွင်။ ဥဒေါင်းပေါများသော တောကြီး မြိုင်ကြီးများကို ချတ်
ထွင် ရှင်းလင်း တည်ထောင်ရသောကြောင့်၊ မောရမြိုင်ဟု
ခေါ်ကြသည်။ ၎င်း အမည်မှာ ကာလ ရွေ့လျော၍၊ ယခု
မော်လမြိုင်ဟုခေါ်ကြလေသည်၊ ထို့နောက်သက္ကရာဇ် ၁၁၇
ခုနှစ်၌ပင်။ မင်းသားတကျိပ်ဘိုသည်။ မိမိတို့ရေလယ်ကျောင်း
ဆောင်ပေါ်တွင်တည်ထားသော ဧကာဒသစေတီတော်အ
နီးအပါးမှာ၊ မြို့ရွာတည်ထောင်၍နေကြသေးကုန်၏၊ ထိုမြို့ကို
(မွန်) တလိုင်းဘာသာဖြင့်၊ တုံဇောင်ဟမာဟမစ် တုံဇောင်ပိ
ဟူ၍။ နှစ်မည်နှစ်နာမခေါ်ဝေါ်ကြလေသည်။ မြန်မာပြန်သော်။
သမုဒ္ဒရာနားမြို့၊ ပင်လယ်နားမြို့ဟုဆိုလိုသည်။

၁၁။ မြတ်စွာသခင်။ ရှင်ပင်ဘုရား၊ ကြွသွား နိဗ္ဗာန်၊ စံ
ပယူတော်မူပြီးနောက်၊ သက္ကရာဇ် ၂၃၇-ခုနှစ်သို့ရောက်လပ်
သော်၊ သိဟိုဠ်ကျွန်းကို ထီးဖြူ အုပ်ချုပ် စိုးစံတော်မူသော၊
ဒေဝါနံပီယ တိဿမင်းမြတ်သည်။ သမာဓိ ပညာဥာဏ်ဖြင့်၊
အကြီး ဖြစ် တော်မူ၍၊ သီရိမေဃာသောက နာမပြန့်သင်း၊ ၎

ကရာဇ်မင်းမြတ်၏၊ ဩရသသရင်နှစ်၊ ရဟန္တာ ဖြစ်တော်မူ
သော မဟိန္ဒထေရ်အရှင်မြတ်အား၊ လျှောက်ထားလေသည်
မှာ၊ ဘုရားကိုယ်တော်မြတ်၏ ဆံတော်မှစ၍၊ သရီ သဓာတ်
တော်တို့ တည်၍ ကိန်းအောင်းတော်မူသော အရပ်ဒေသ
များ၌၊ မြတ်စွာဘုရား၏ သဏ္ဍာန်တော်ကို။ တရံတဆစ်မျှမ
မြင် မဖူးကြရသောကြောင့်၊ မည်ကဲ့သို့ သဒ္ဓါတရားပွား၍
ကြည်ညိုရမည်ကိုမသိနိုင်ဘဲရှိကြပါလိမ့်မည်၊ ဤသို့ဘုရား
ရှင်သဏ္ဍာန်တော်ကို၊ မဖူးမမြင်ရသဖြင့်၊ ကြည်ညိုခြင်းနည်း
ပါးလိမ့်မည် ဖြစ်သောကြောင့်။ မြတ်စွာဘုရား၏ သဏ္ဍာန်
တော် ထု လုပ်ပြီး လျှင်၊ အရှင်ဘုရားတို့၏ တန်ခိုးတော်ဖြင့်၊
ထိုထိုသို့သောအရပ်ဒေသများသို့၊ ရုပ်ပွားတော်များကြွရော
ပါသော်၊ ဘုရားရှင်ကိုယ်တော်တိုင်ကို၊ ဖူးမြော်တွေ့မြင်ရသ
ကဲ့သို့၊ သဒ္ဓါတရား ပွားကြပါလိမ့်မည် သို့ဖြစ်ပါသော
ကြောင့်၊ ရုပ်ပွားတော်များထုလုပ်နေ တကာတော်တာဝန်ခံ
ပါမည်။ အရှင်မြတ်က၊ သာသနာတော်တည်ရာ၊ မြန်မာပြည်
သို့ ရုပ်ပွား တော်များ ကြွရောက်တော် မူပါအောင်၊ ရွက်
ဆောင်ပါမည့် အကြောင်းနှင့် လျှောက်ထား အသနားခံလေ
က၊ အရှင်မဟိန္ဒထေရ်မြတ်သည်၊ ကောင်းပြီဟုဝန်ခံပြီ ကာလ
ရဟန္တာဖြစ်တော်မူသော ဥပတိဿ မထေရ်အား၊ ဆောင်
ရွက်ရန် တာဝန်ခံထားလေရာ၊ ဒေဝါနံပိယ တိဿမင်းကြီး
သည်။ ဝွန်းဆိတ်ထိပမာ ဝမ်းမြောက် ဝမ်းသာဖြစ်၍၊ နန်းတော်
သို့ပြန်လေ၏၊ ထိုခဏ၌ တာဝတိံသာနတ်ပြည်ရှင်၊ ဘုရင်
သိကြားသည်။ ဗဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၏ တင်းမာပူ
လောင်မှုကြောင့်၊ လူ့ပြည်သို့ ရှုကြည့်လေလျှင်။ ဒေဝါနံပိယ

တိဿမင်းကြီးသည် မြတ်စွာဘုရား၏ ကိုယ်စား။ ရုပ်ပွား
တော်များကို၊ အလိုရှိသည့်အချင်းအရာဖြစ်ကြောင်းသိတော်
မူ၍။ ဥာဏ်တော်တထောင်နှင့် ဆယ့်နှစ်လက်သစ်ခန့်ရှိရုပ်
ပွားတော်လေးဆူကို၊ စန္ဒကူးသားဖြင့်ပြုပြင်ပန်ဆင်း၍ ဝါတ်
ထော် ခုနစ်ဆူစီ မှာပနာပြီးမှ၊ ရုပ်ပွားတော်များကို၊ ဒေဝါနံ
ပိယတိဿမင်းကြီး၏ ရာဇပလ္လင် ပေါ်တွင် တင်ထား လေ
၏ ထိုညဉ့်လွန်မြောက် မိုးလင်းသောက်ထ၌ မင်းကြီးသည်၊
ရုပ်ပွားတော်လေးဆူကိုဖူးမြင်ရလေလျှင်။ ပီတိသောမနဿ
အလွန် ဝမ်းမြောက်မှုသောကြောင့်။ ရဟန္တာ ကိုယ်တော်
မြတ်များစွာတို့ကို၊ လျှောက်ထားပင့်ဘိတ်၍၊ များစွာသော
အလှူကြီးကိုပေးပြီးလျှင်၊ ၁၅-ရက်(တပက္ခ)ပတ်လုံး၊ ရုပ်
ပွားတော် ၄-ဆူကို၊ အထူးထူးသောပူဇော်ခြင်းတို့ဖြင့်ပူဇော်
၍၊ အထူးထူး အပြားပြား များစွာသော ပွဲလမ်းသဘင်ဆင်
ယဉ်ကျင်းပပြီး၊ ဥပတိဿရဟန္တာ အရှင်မြတ်သည် ၎င်း
ရုပ်ပွါးတော်လေးဆူအနက်။ နှစ်ဆူသော ရုပ်ပွါးတော်များကို၊
သက်နိုးတုံး နှစ်တုံးပေါ်မှာ၊ တဆူကိုကျွန်းတုံးပေါ်မှာ၊ ကျန်
တဆူကိုကျောက်ဖျာသည်းဘီးပေါ်တွင်တင်ထားပြီးလျှင်၊ ဇမ္ဗူ
ကောလသသဘော်သဆိပ်မှ သရိယမော် ခံတော်မြတ်ကို၊ ကန်နိုး
ဝပ်တော်မူသောအရင်မှာနတို့၌၊ တည့်တံ့ပါစေသတည်းဟု
မိန့်မှာပြီးလျှင်။ ပင်လယ်ပြင်သို့မျှောလိုက်လေ၏၊ ထိုနောက်
ကျွန်းတုံးနှင့်မျှောလိုက်သောရုပ်ပွါးတော်သည်။ ရခိုင်ပြည်မှာ၊
ကျောက်ဖျာသည်းဘီးနှင့် မျှော လိုက်သော ရုပ်ပွားတော်သည်
ကျိုက်ထိုမှာ။ သက်နိုးတုံး တတုံး နှင့် ရုပ်ပွားတော်သည်၊
ထားဝယ်မြို့မှာရင်တော်မူသည်၊ အခြားသောသက်နိုးတုံး

တတုံးနှင့် ရုပ်ပွားတော်သည်၊ ယခုရေလယ်ကျောက်ဆောင်နှင့်မနီးမဝေး၊ အလံငါးဆယ် အကွာတွင်၊ ရေဘက်ရေကျသော်ငြားလည်း၊ မရွေ့လျားဘဲတည်မြဲရပ်တုံ့တော်မူလေ၏၊ သို့ရပ်တုံ့ နေတော်မူသည်ကို၊ တုံ့ဇောင်ပီမှသူ မြို့သားတို့ဖူးမြင်တွေ့ရှိကြသောကာလ၊ ဖော့နှင့်ကူးပြီးလျှင်၊ သင်္ကန်းတုံးကိုကြိုးတပ်လျက်၊ ကိုယ်တော်မြတ်ကို ကုန်းပေါ်သို့ ဝိုင်းဝန်းဆွဲကြပါသော်လည်း၊ အနည်းငယ်မျှမလှုပ်မရှား၊ မကြွမပါတော်မူဘဲ တည်မြဲတိုင်းနေရာ၌သာ တည်နေတော်မူလေ၏၊ ၎င်းနေ့အသီးသီးသစ္စာဓိဋ္ဌာန်ပြု၍ဆွဲငင်ကြပါသော်သည်း၊ ရှေးနည်းအတူတည်တော်မူ၍သာနေလေ၏၊ ထို့နောက်ဖင်းမြို့တွင်အကျင့်သီလ သမာဓိနှင့် ပြည့်စုံသော မုဆိုးမ တဦးသည်၊ ချည်ခင်မှချည်ငင်နှင့်သင်္ကန်းတုံးကိုရစ်ပတ်ပြီးလျှင် ဘုရားတပည့်တော်မသည်၊ မှတ်မိသောအရွယ် ငယ်စဉ်ကပင်၊ ယခုထက်ထိစေတနာနှင့်တကွ၊ ငါးပါးသီလ၌ကြူးလွန်ပျက်ကွက်ခြင်းမရှိပါ၊ ထိုသစ္စာမှန်က၊ ဘုရားကိုယ်တော်မြတ်သည် ကြွလာတော်မူပါ စေသတည်းဟု ဓိဋ္ဌာန်ပြု၍၊ ချည်ပင် ကျိုင် လိုက်သည်နှင့်တပြိုင်နက်၊ သင်္ကန်းတုံးနှင့်တကွ၊ ရုပ်ပွားတော်သည်ယခု ဝတ်ကြီး ဆောက်တည် ပြုလုပ်ထားသော နေရာအနီးကုန်းပေါ်သို့၊ သာသနာတော်သက္ကရာဇ် ၂၃၇ -နှစ်၊ နယုန်လဆန်း ၁၅-ရက် (လပြည့်) နေ့တွင်၊ ကြွရောက်ပါလာသောသတည်း။

၁၂၊ ဖင်းရုပ်ပွားတော်အရှင်မြတ်ကို ရှေးမင်းသားများတည်ထားသော၊ ဇေကာဒသစေတီတော် အရှေ့မုခ်ထဲတွင်

ပင့်၍ထားလေလျှင် တောင်အရပ်ဖြစ်သောပင်လယ်ဘက်သို့ မျက်နှာတော်ဖွည့်၍ စံနေတော်မူ၏၊ တဖန် အရှေ့ဘက်သို့ မျက်နှာတော် ဖွည့်၍ ထားပြန် သော်၊ တောင်ဘက်သို့ပင် မျက်နှာတော်မူလျက်ရှိလေ၏၊ ထို့နောက် တောင်ဘက် မုခ် ထဲတွင်ပင့်ဆောင်၍ ထားမှသာလျှင်၊ မျက်နှာတော်ကုန်းဖူးမြင် ကြရလေကုန်၏၊ ၎င်းနောက် ဧကဒသသ စေတီတော်သည်၊ ပျက်စီးယိုယွင်း ထိုခံတော်မြတ် ဆယ့်တဆူ ဌာပနာထား သောကျောက်ဆောင်ကြီးပတ်လည်တွင်၊ ဝတ်ကျောင်းကြီး တည်ဆောက်ပြုလုပ်ကြပြီးလျှင်၊ ရုပ်ပွားတော်အရှင်မြတ်ကို ပင့်၍ထားရာ၊ ရှေးကကဲ့သို့ပင်တောင်ဘက်ပင်လယ်ပြင်သို့၊ မျက်နှာတော်မူလျက်သာ စံနေတော်မူပြန်ပါသတည်း၊ ။

အထက်အပိုဒ်. ၁၁)တွင်ပါရှိသည့်အတိုင်း၊ရဆိုးမဓိဋ္ဌာန်၍ ရုပ်ပွားတော်ရောက်ပါလာသည်ကိုအစွဲပြုသဖြင့်၊တုံဖောင်ပီ မြို့ကိုရဆိုးမြို့ဟုခေါ်တွင်ကြပြန်လေ၏၊ထိုပြင်၎င်းရုပ်ပွား တော် မျက်နှာတော်မူသည်ကို အကြောင်း၍၊ (မွန်) တလိုင်း ဘာသာဖြင့် ကျိုက်ဟမိ မြန်မာဘာသာနှင့်ပြန်လျှင်၊ ဘုရား မျှော်ဟု ခေါ် ဆိုရန် ဖြစ်လေသည်၊ ၎င်းမွန်ဘာသာအခေါ်၊ ကျိုက်ဟမိကို၊ကာလရွေ့လျောလာသောကြောင့်၊ မြန်မာတို့ ခေါ် သည်မှာ၊ ကျိုက္ခမီဟု ဖြစ်လာလေသည်၊ (မွန်) တလိုင်း လူမျိုးတို့သည်၊ယခုထက်တိုင်၊ကျိုက်ဟမိဟူ၍သာခေါ်ဝေါ် ကြပါသည်၊

ဤတွင်ရေလယ်ဘုရားကြီး၏ ဇာထုပ္ပါဒ်

အပြီးသတ်လေသတည်း၊

## အရပ်ရပ်မှတ်သားရန်အချက်များ။

၁၊ ၎င်းရုပ်ပွားတော်အရှင်မြတ်မှာ၊ ဥာဏ်တော် နှစ်တောင်ခန့်ရှိသည်၊ ကျောက်ဆောင်ပေါ်တွင် နဂါးရုပ်နှင့် တကွ၊ နဂါးခေါင်း အရုပ်လျက်တည်ရှိသည်၊ ၎င်းကျောက် ဆောင်ကို တောင်သဏ္ဌာန်ပြုလုပ်ထားသောကြောင့်၊ ဘုရား ကိုယ်တော် အရှင်မြတ်မှာ၊ တောင်ထွတ်ဖျားတွင် တည်နေ သီတင်းသုံးတော်မူသကဲ့သို့ရှိသည်၊ ၎င်းဘုရားကိုယ်တော် အောက် (ထိုဘောင်သဏ္ဌာန် ပတ်လည် အပေါ်ထပ်တွင်။) ဥာဏ်တော် ၃-တောင်ခန့်စီရှိ ရုပ်ထုတော်ရှစ်ဆူ၊ အောက် ထပ်တွင်ဥာဏ်တော် ၅-တောင်ထွာခန့်ရှိရုပ်တုတော်ရှစ်ဆူ နှင့်၊၎င်းဘုရားရုပ်ထုတော် ကိုယ်တော်မြတ်ကြီးလေးဆူနှင့်၊ မျက်နှာတော်ခြင်းဆိုင် ထောင့်လေးထောင့်တွင်၊ တထောင့် လျှင်ဥာဏ်တော် ၃-တောင်ခန့်ရှိရုပ်ပွားတော်ဘုရားတဆူစီ တည်ထားလျက်ရှိသည် သီဟိုဠ်ကျွန်းဇမ္ဗူကောသသာဘ်ာ ဆိပ်မှ၊ ရှင်ဥပတိဿရဟန္တာမြတ် မိ...ါန်၍ ဈော ဘော်မူ လိုက်သည့်၊ ၎င်းနဂါးခေါင်းအရုပ်ထားလျက်ရှိသော၊ (ယခု ရေလယ်ဘုရားကြီးဟု ဘွဲ့နာမ သမုတ်ကြသည့်) ရုပ်ပွား တော်ဘုရားအစစ်မှာ။ အုံ့ဘွယ်ငါးဖြာနှင့် ဖြည့်စုံတော်မူပါ သည်၊

## { အံ့ဘွယ်ငါးပါး }

၁၊ ဘုရားပတ်လည် အနီးအပါးတွင်၊ ကျောက်ခဲငယ် များမရှိဘဲနှင့်၊ ၎င်းဘုရားအရှေ့ဘက် မိန်းမများ အာရုံပြု၍

ပူဇော် ကံတော့သော နေရာနှင့်တကွ၊ အလျား အတောင် ၁၀၀၊ အနံအတောင် ၃၀-ခန့်ရှိသော၊ ထက်ဝန်းကျင်နေရာများတွင်၊အလိုအလျောက်ကျောက်ခဲငယ်များ မြင့်နှံ့လျက်၊ တနှစ်ထက်တနှစ်ပွားများလာခြင်း၊

၂၊ အခြားတပါးသော အရပ်များတွင်၊ ရွှံ့ညွန်များစွာရှိကြသော်လည်း၊ ၎င်းကျောက်ခဲငယ်များ ရှိရာအရပ်၌၊ ရွှံ့ညွန်ကင်းလွတ်ခြင်း၊

၃၊ ရေတက်ရေကျသောအခါ၊ဘုရားလမ်းတလျှောက်တွင်၊လှိုင်းများသည်ဘုရားကိုကံတော့သောသဏ္ဌာန်ဖြစ်ပြီးမှ၊ရေတက်ရေကျခြင်း၊

၄၊ မည်မျှလောက် လှိုင်းလေနှင့်၊ ရေကြီးမြင့်လွှမ်းမိုး၍၊ ပင်လယ်ရေ တက်လာသော်လည်း၊ ဘုရား ဝတ်ကျောင်းအဆင့်ပေါ်သို့ ရေမရောက်ပါ၊ ပင်လယ်ရေများမှာ၊ ဘုရားဝတ်ကျောင်းအောက်သို့၊ ဒယ်အိုးသဏ္ဌာန်ခွက်ပြီးလျှင်၊ အခြားဘက်သို့သို့ပုတ်လျက်ထွက်သွားခြင်း၊

၅၊ ဘုရားဝတ်ကျောင်းပေါ်သို့မိန်းမများတက်ခွင့်မရ၊ ရှေးအခါကမသိ၍ တက်မိသော မိန်းမများမှာ၊ တစုံတခု ဝေဒနာ ကပ်ရောက်ခြင်း အချိန်အခါမဲ့ လေပြင်းမုန်တိုင်းကျခြင်း၊ မိုးသည်းကြီးစွာ ရွာခြင်းအားဖြင့်၊ ပေါင်းအံ့ဘွယ်ငါးပါးတည်း၊

၆၊ ယခုအခါတစုံတယောက်သောမိန်းမမျှဘုရားကြီး

ဝတ်ကျောင်းပေါ်သို့ တက်ဝံ့သူမရှိ၊ ထိုကဲ့သို့ ဝေဒနာအန္တရာယ် ကပ်ရောက်ခြင်းကို၊ ထောက်ထားဆင်ခြင်လျှင်၊ ဘုရားရှင်တို့၏ထုံးစံဓမ္မတာ၊ စရိယာသုံးပါးမှာ၊ (၁) လောကတ္ထစရိယာ၊ သတ္တလောကတည်းဟူသော၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာကျင့်တော်မူခြင်း၊ (၂) ဉာတတ္ထစရိယာ၊ ဆွေတော်မျိုးတော်တို့အကျိုးငှာ ကျင့်တော်မူခြင်း၊ (၃) ဗုဒ္ဓတ္ထစရိယာ၊ ကိုယ်တော်တိုင် ဘုရားအဖြစ်သို့ရောက်အောင် ကျင့်တော်မူခြင်း၊ ဤကဲ့သို့စရိယာသုံးပါးကို ထောက်ထား၍ကျင့်တော်မူပါလျက်၊ ဘယ့်အတွက်ကြောင့်မိန်းမများမတက်ရသည် ဟု ဆင်ခြင် စဉ်းစားပါလျှင်၊ ဆံတော် ဆယ်ပင်တဆူတို့သည်၊ ကျောက်ဆောင်အတွင်း၌၊ ဂူထည်းဘွင်း၊ ကိန်းဝပ် စမ္ပါယ် နေတော်မူသောကြောင့်၊ (ဆံတော် ဓာတ်တော် တို့၏အနှင့်က) ဝတ်ကျောင်းပေါ်မှာမိန်းမများနေခြင်းကို၊ ဆံတော်စောင့်နတ်များ မကြိုက် မနှစ်သက်သောကြောင့်၊ နောက်နောင်မတက်ဝံ့အောင်ခြင်းငှါ၊ နတ်များချောက်လှန့်သည်ဟု တွေးတောယူဆရန်ရှိလေသည်၊

၂။ လွန်ခဲ့သော ၁၂၇၅-ခုနှစ်။ တန်ဆောင်မုန်းဆန်း ၅-ရက်နေ့ညနေ ၄-နာရီအချိန်၊ ရေသတ္တဝါ နဂါးတို့သည်၊ ရေလယ်မြတ်ဘုရားအား၊ ဖူးမြော်ရန် လာရောက်သည်ကို၊ အချို့လူများ တွေ့မြင်ရကြောင်း၊ သမိုင်းဟောင်း၌ဆိုသည်၊ သို့ဖြစ်ပါ၍၊ ဒဟိတ်သား ရေသတ္တဝါ နဂါးသော်မှ ဘုရားတည်း ဟူသော သရဏဂုံကို၊ ယုံကြည်ခြင်းထူးသဖြင့်၊ ဖူးမြော်ရန် လာရောက်လေသည် ကျွန်ုပ်တို့ လူသတ္တဝါ ဒွိဟိတ်

သားများ၊အဘယ်ဆိုဘွယ်ရာမရှိ၊ဂွမ်းဆီထိပမာ ဗိတိဓသော မနသာ စေတနာဖြင့်၊ဖန်ခါခါ ဆည်းကပ်၍၊ မပြတ်မလပ် ကြည်ညို ဖူးမြော်ကြပါမည့်အကြောင်း။ သူတော်ကောင်း စေတနာနှင့်၊သတိပေးနိုးဆော်ပါသည်၊

၃။ ရေလယ်ဘုရားကြီး ပွဲတော်အခါ၊ ဘုရားဖူးလာရော် သူများသည်၊ အောက်ထွင် ပြဆွန်သော စာရင်းရှိ၊ အခြား ဘုရားများကိုလည်း၊ သွားရောက် ဖူးမြော်ရန် ကောင်းလေ သည်၊

## ဘုရားစေတီတော်များစာရင်း။

| | | | |
|---|---|---|---|
| (က) | ရေလယ်ဘုရားနှင့်တမိုင်ကွာ၊ | | တောရကျောင်း။ ဆင်ပုန်းဘုရား။ |
| (ခ) | ၎င်း | သုံးမိုင်ကွာ၊ | ထောင်ပိုင်းဘုရား၊ |
| (ဂ) | ၎င်း | လေးမိုင်ကွာ၊ | ဆင်တောင်ဘုရား။ |
| (ဃ) | ၎င်း | ငါးမိုင်ကွာ၊ | ကျိုက်မှုန့်ဘုရား။ |

## ဤသမိုင်းရေးသားအောင်မြင်၍ဆုတောင်း။

ပတ္ထနာပြုခြင်း။ ဣဒံမေ လိင်္ဂကျွယာဝဟံ၊ အာသဝက္ခယံ၊ နိဗ္ဗာနသုခံ၊ ဝဟံ ဟောတု၊ မေ။ ထေးဆယ်ရှစ်ပါးခတ်ထ ပေးအပ၊ ၁၂ နှစ်ဥနာဉ်ရှင်၊ အကျွန်ုပ်သည်၊ ဣဒံလိင်္ဂကျွေသ၊ ဤသို့ လျှင် ဆံတော်ဓာတ်ဆယ့်တဆူနှင့်၊ ရုပ်ပွားတော်အရှင်မြတ် တို့၏၊ ကိန်းဝပ်စံတည်ရာ၊ ကျိုက္ခမိ ရေလယ်ဘုရားကြီးသ မိုင်းကကိုရေးရပါသော၊ ဤညံ၊ ကုသိုလ်ရှေ့ရှု၊ မြတ်ကောင်း

မှုကြောင့်၊ အာသာဝကျွယ်၊ အာသဝေါတရား လေးပါးတို့၏၊ ကင်းကျန်ချုပ်ဆုံးရာဖြစ်သော၊ နိဗ္ဗာနသုခံ၊ တကြိမ်ရောက် လျှင်တခေါက်မပြန်လာ၊ နိရောဓ သစ္စာတည်းဟူသော။ နိဗ္ဗာန် ချမ်းသာကို၊ ဝဟံ၊ တည်တံ့ခိုင်မာ၊ရွက်ဆောင်နိုင်ရာသည်၊ ဟောသာ၊ဘာဝမကြာ၊ လျှင်မြန်ဆောစွာဖြစ်ပါစေသတည်း။

ရေလယ်ဘုရားကြီးသမိုင်းပြီး၏။

# မောရ နဂရာ စာပုံနှိပ်တိုက်။

ကျွန်တော်များစာပုံနှိပ်တိုက်တွင်။ မည်သည့်ပုံစံမျိုး မဆို၊ အဘိုသွန်းချိုသာစွာနှင့်၊ သေသတ်ကောင်းမွန်အောင်၊ ရိုက်နှိပ်ပေးနိုင်ပါသည်၊

ရပ်ဝေးနေ။ မိတ်ဆွေများအား၊ လူကိုယ်တိုင် လာ ရောက်အပ်နှံသည့်ထက်၊ အထူးမိမိ ဂရုစိုက်ထုပ် ပြုပြင်ပြီး လျှင်၊စာတိုက်မှ V.P,P. ပြုလုပ်၍တင်ပို့ပေးပါမည်၊

သာယာကုန်းရပ်၊
ဦးမောင်ကြီး ကပ်းနားထမ်း၊
စာပုံနှိပ်တိုက်ပိုင်ရှင်၊ မော်လမြိုင်မြို့၊